ခွေးမဖောကျေးရွာ

ဇာဒီကျေးရွာအုပ်စု၊ ရေဖြူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၂၃ မှ၂၀၂၇)အထိ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဇာဒီကျေးရွာအုပ်စု၊ ခွေးမဖောကျေးရွာ၊ ရေဖြူမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။ )

၂၀၂၄ ခုနှစ်၊ မေ ၁၈ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | ၁-၂ |
| | **ခွေမဖောကျေးရွာ အခြေပြမြေပုံ၊ ရေဖြူမြို့နယ်** | ၃-၃ |
| | **ခွေမဖောကျေးရွာ သယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ်** | ၄-၄ |
| | **ခွေးမဖောကျေးရွာ Venn Diagram** | ၅-၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၆-၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆-၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၆-၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | ၇-၈ |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ) စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောင်အဦနှင့် ဝန်ဆောင်မှုများ** | ၈-၈ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | ( ခ) ကျေးရွာမီးလင်းရေး | |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၈-၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉-၉ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀-၁၀ |
| ၉။ | **ကျား-မရေးရာဆိုင်ရာကိစ္စ** | ၁၀-၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁-၁၁ |
| | **နောက်ဆက်တွဲ** | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၁-၁၁ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂-၁၂ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃-၅၆ |
| | စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ **(**Project Profile) ပုံစံ(၁) | ၅၇-၅၈ |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ဇာဒီကျေးရွာအုပ်ချုပ်ရေးမှူး၊ ခွေးမဖောကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် ကျေးရွာကော်မတီများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ခွေးမဖောကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံး ပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်း စနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦး တစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲ အများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာ စနစ်တစ်ကျရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်တတ်သည့် အလေ့အကျင့် ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့် ပူပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျပွင့်လင်းမြင့်သာစွာဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတ်ဖိုးကြီးမားပါသည်။ ထို့ပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိခဲ့သည့်အချက် အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့် ကိန်းဂဏန်း၊

ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကေန်တိုးတက် ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက်နောင်များတွင်းလည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာပြည်သူများပူးပေါင်းပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝရင်းမြစ်များ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့် အသေးစိတ် အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ခွေးမဖောကျေးရွာအတွက် အကျိုးကျေးဇူး များစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခွေးမဖောကျေးရွာ

ဇာဒီကျေးရွာကျေးရွာအုပ်စု

ရေဖြူမြို့နယ်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်

## ခွေးမဖောကျေးရွာ အခြေပြမြေပုံ


တောင်ပယရွာသို့
ဓာဒီကျေးရွာသို့
N
W
E
S
စေတီ
ဘုန်းကြီးကျောင်း
အမကကျောင်း
နေအိမ်
သုသာန်
လယ်ကွင်း
မြေလမ်း
ရေကန်
ဒူးရင်းသီးပင်
ကွမ်းသီးပင်
ရာဘာပင်
ရေဖြူချောင်း

# ခွေးမဖောကျေးရွာရာသီခွင်ဇယား



# ခွေးမဖောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## Venn Diagram



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ခွေးမဖေားကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အတွင်းတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၈၅၀) ဧကကျယ်ဝန်းပြီး၊ ကညင်းအင်းကျေးရွာ၊ ရင်ဲကျေးရွာနှင့် ထိစပ်လျက်ရှိပြီး အိမ်ခြေ (၈၂)၊ အိမ်ထောင်စု (၈၈)၊ လူဦးရေ (၄၀၀)ဦးရှိပါသည်။

ခွေးမဖေား ကျေးရွာသည် ရေဖြူမြို့နယ်၏ အနောက်ဘက်တွင်တည်ရှိ၍ ဝန်ဖို့ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ ကုန်းမြေဒေသဖြစ်ပါသည်။ ရေဖြူမြို့နယ်နှင့် (၈၀)မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်းဖြင့် သွားလာရပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ (အုန်းပင်ကွင်းကျေးရွာအုပ်စု၊ ဖောင်းတောကျေးရွာအုပ်စု) အစရှိသည့် ကျေးရွာအုပ်စုများနှင့် ထိစပ်လျက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ရေဖြူမြို့နယ်၊ ခွေးမဖေားကျေးရွာသည် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ်၁၄ ဒီဂရီ ၃၂ မိနစ်မှ ၄၇ ဒီဂရီ ၁၀ မိနစ်ကြား အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၁၀ မိနစ်မှ ၁၁ ဒီဂရီ ၇၆ မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ ဇူလိုင်နှင့် ဩဂုတ်လ တို့ဖြစ်ပါသည်။

ခွေးမဖေားကျေးရွာသည် မြစ်ချောင်းများနှင့် ထိစပ်နေသောကျေးရွာဖြစ်ပြီး၊ ရေချိုရေငံများဖြစ်၍ စိုက်ပျိုးအသုံးပြုနိုင်ပြီး ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဝန်ဖို့အနောက်ကျေးရွာတွင် လယ်မြေ (၄၀)ဧကနှင့် ဥယျာဉ်ခြံ (၈၁၀)ဧကရှိပြီး စုစုပေါင်းမြေ (၈၅၀)ဧက ရှိပါသည်။ ကျေးရွာတွင် မိုးစပါးကို အဓိကစိုက်ပျိုးကြပြီး၊ ရာသီအလိုက် ရာဘာ၊ ကွမ်းသီး၊ ဒူးရင်းသီး၊အဓိကစိုက်ပျိုးကြပြီး သံပုရာ၊ သီဟိုပင် စသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း (VDP) ကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိပြည်သူများ စုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး/နာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ မီးဘေး၊ အမျိုးသမီးရေးရာနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်း များ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကိုလည်းဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ခွေးမဖေားကျေးရွာတွင် လယ်မြေဧက ၄၀ဧက ရှိပြီး တောင်သူ(၁၄)ဦးရှိပြီး အိမ်ထောင်စု (၅၂)စုမှာ၊ ၅ ဧကအောက် ပိုင်ဆိုင်သော တောင်သူငယ်များဖြစ်ကြပြီး၊ အိမ်ထောင်စု(၂၁)စုမှာ ဥယျာဉ်ခြံမြေ ၂.၅ ဧကအောက် ပိုင်ဆိုင်သူများဖြစ်ကြပြီး အိမ်ထောင်စု(၁၀)စုမှာ ၂.၅ မှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူများဖြစ်ကြပြီး အိမ်ထောင်စု(၅)စုမှာ ဥယျာဉ်ခြံမြေ ၅ ဧကမှ ၁၂.၅ ဧက ထက် ပိုင်ဆိုင်သော တောင်သူကြီးများဖြစ်ကြသည်။ ဥယျာဉ်စိုက်ပျိုးထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော တောင်သူများနှင့် လုပ်သားများနေထိုင်ရာ ကျေးရွာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ ဥယျာဉ်ခြံမှ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော သဘာဝအရင်းအမြစ်များပေါ်များသည့်အလျောက် အကျိုးအမြတ်များပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ် ပိုမိုရရှိရေး၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည့် အထွက်နှုန်းတိုးသော စပါးနှင့် ရာဘာ၊ ကွမ်းမျိုးကောင်း မျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မှီ ရောင်းချနိုင်သည်အထိ တိုးတက်ထုတ်လုပ် နိုင်သည့် နည်းလမ်းများကိုရှာဖွေ အားထုတ်ရမည်ဖြစ်ပါသည်။ လယ်ယာ/ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ကိုင်သူ များမှာ ကိုယ်ပိုင်စိုက်ပျိုးရေးသုံးကရိယာများအနေဖြင့် လက်တွန်းထွန်စက်၊ ထွန်စက်၊ ခြွေလှေ့စက်၊ မြတ်ရိတ်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

ခွေးမဖေားကျေးရွာသည် စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဝန်ဆောင်မှုများရရှိရန်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများလွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ခွေးမဖေား ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးအဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု(၁၃)အိမ် ရှိပြီး ဝက်ကောင်ရေ(၄၀) ကောင်၊ ကြက်မွေးမြူသည့်အိမ်ထောင်စု (၁၅)အိမ်ရှိပြီး ကြက်ကောင်ရေ (၂၀၀) ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၃)အိမ်ရှိပြီး ဘဲကောင်ရေ (၂၀)ကောင် မွေးမြူသည်။ ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၁)အိမ်တွင် ဆိတ်ကောင်ရေ (၄)ကောင်၊ အိမ်ထောင်စု(၁)တွင် နွား(၃)ကောင် မွေးမြူကြပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း များအတွက် နည်းပညာနှင့် ရောဂါကာကွယ်ရေး၊ ကုသရေး အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာ နိုင်မည်ဖြစ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ခွေးမဖေားကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူ များမှာ ဈေးဆိုင်၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင် ကြပြီး ပြင်ပသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့်

အားလပ်သော အချိန်များတွင် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန်နေကြပြီး နည်းပညာနှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများရှိနေပါသည်။ လုပ်ငန်းနှင့် သင့်လျော်သော အတိုးနည်း ထုတ်ချေးငွေ ရရှိပါက တစ်ပိုင်တစ်နိုင် ဒေသထွက်သီးနှံများ ရောင်း/ဝယ်ခြင်း မုန့်လုပ်ငန်းများ၊ ခေါင်းရွက်ဗျက်ထိုး လုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ (ဆံပင်ညှပ်၊ ဆိုင်ကယ်ပြင်) လုပ်ကိုင်လိုကြပါသည်။

(ဃ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် ငွေချေးရန်အရင်းအမြစ်များမှာသမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် အခြားအဖွဲ့အစည်းများရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀/-)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးသည့် ဧကမှာ (၁၀)ဧကအတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-)သိန်းဖြစ်ပါသည်။ အတိုးနှုန်းမှာ (၀.၆၇)ကျပ် ဖြစ်ပြီး ထုတ်ချေးသည့်ကာလမှာ (၇)လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂)သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူမပြုနိုင်ပါ။

ခွေးမဖေားကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ(ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေးတောင်သူ များအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ခွေးမဖေားကျေးရွာသည် ရေဖြူမြို့နယ်၏ အနောက်ဘက်တည်ရှိပြီး ရေဖြူမြို့နှင့် (၈၀)မိုင်ခန့်ကွာဝေးပါသည်။ ရေဖြူမြို့နယ်သို့ ကုန်းလမ်းဖြင့် အဓိကသွားလာကြပါသည်။ ကျေးရွာမှာ ရေဖြူမြို့နယ်နှင့် အလှမ်းကွာဝေးကွာသော်လည်း ဇာဒီကျေးရွာအုပ်စုနှင့် နီးစပ်သောကြောင့် ကုန်စည်စီးဆင်းမှု အဆင်ပြေပါသည်။ ကျေးရွာလမ်းများမှာ ကျောက်ချောလမ်းများ ဖြစ်ပါသဖြင့် ၊နွေ၊မိုးဆောင်း သွားလာရ အဆင်ပြေပါသည်။ ပို့ဆောင်ဆက်သွယ်ရေး ယာဉ်များအဖြစ် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ကားတို့ကို အသုံးပြုကြပါသည်။မိုးရာသီသွားလာရေးအဆေင်ပြေ မှုရရှိစေရန် ရွာတွင်းလမ်းအား မြေသားလမ်းအစား ကွန်ကရစ်လမ်းအဖြစ် ထပ်မံ အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ခွေးမဖေား ကျေးရွာနေအိမ်ထောင်စုများမှာ အစိုးရ (၂၄)နာရီ လျှပ်စစ်မီး ရရှိပြီးဖြစ်ပါသဖြင့် လျှပ်စစ်မီးနှင့်ပတ်သက်၍ အဆင်ပြေလျက်ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ခွေးမဖေား ကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေးသတင်းများ ရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်းဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက်အသွယ်နှင့် နည်းပညာ ရရှိကြပါသည်။

## ၆။ ပညာရေး

ခွေးမဖေားကျေးရွာ၌ အမကကျောင်း(၁)ကျောင်းတည်ရှိပါသည်။ ကျောင်းမှာ ၁ ထပ် ကိုယ်ထူကိုယ်ထ ကျောင်းဆောင်အဟောင်း ဖြစ်ပါသည်။ ကျောင်းတွင် စာရေးခုံ စားပွဲ၊ ကုလားထိုင်၊ ပရိဘောဂများ လုံလောက်မှုမရှိသောကြောင့် ကျောင်းသား/သူများ စာသင်ကြားရာတွင် အခက်အခဲသော်လည်း မိဘရပ်ရွာမှ ကူညီပံ့ပိုးမှု ရယူထားပါသည်။ ကျောင်း၌ ဆရာ/ဆရာမ ကျား(၂)ဦး၊ မ(၂)ဦး စုစုပေါင်း(၄)ဦး ရှိပါသည်။ ကျောင်းသားနှင့်ဆရာ/ဆရာမအချိုးမှာ (၁၄:၁)အထက်ရှိသဖြင့် ဆရာ/ဆရာမ လုံလောက်လျက်ရှိပါသည်။ ကျောင်းတွင် အဟာရ တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးဖြစ်ပါသည်။

ခွေးမဖေား ကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၂၀၆)ဦး၊ အလယ်တန်းအဆင့် ကျောင်းနေသူ (၁၄၄)ဦး၊ အထက်တန်းအဆင့် ကျောင်းနေသူ(၂၀)ဦး၊ တက္ကသိုလ်/ကောလိပ်ကျောင်းနေသူ (၁၀)ဦး ရှိပါသည်။။ ကျေးရွာလူဦးရေ၏ စုစုပေါင်း(၄၀၀)ဦး ရှိသည့်အနက် စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၉၉%) ခန့် ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဇာဒီကျေးရွာအုပ်စု၊ ခွေးမဖေားကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါသဖြင့် ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုန်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို၊ ငှက်ဖျား၊ အသည်းရောဂါ(ဘီ၊ စီ) စသည့် ရောဂါများ ကျေးရွာနှင့်နီးစပ်သောဇာဒီကျေးရွာကျေးလက်ဆေးပေးခန်းတွင် သွားရောက် ပြသလျက်ရှိပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများအနေဖြင့် လက်တူးတွင်းနှင့်စိမ့်စမ်းရေကို အဓိက အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှု မရှိပါသဖြင့် သန့်ရှင်း/လုံလောက်မှုမှာ အသင့်တင့် သာရှိသဖြင့် ကျန်းမာရေးအတွက် အနည်းငယ်စိုးရိမ်ရပါသည်။ စိုက်ပျိုးရေးအဖြစ်၊ စမ်းချောင်းရေနှင့် ရေတွင်းကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၈)အိမ်ထောင်စုရှိပြီး ရေလောင်း/ယင်လုံအိမ်သာကိုသာ အများဆုံး အသုံးပြုကြပြီး အိမ်သာမရှိသော အိမ်ထောင်စုများမရှိပါ။ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲမှု အသိပညာလိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ခွေးမဖောကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်ရရှိပြီး သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဥ်များ ပြုလုပ်ထားရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ခွေးမဖေား ကျေးရွာတွင် လူဦးရေ(၄၀၀)ဦးရှိသည့်အနက်အမျိုးသားဦးရေ (၁၆၀)ဦးနှင့် အမျိုးသမီးဦးရေ(၂၄၀)ဦးဖြစ်ပါသည်။ ကျားမလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၅%)၊ မ(၅၅%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသား တစ်ဦးလျှင် (၁၀၀၀၀)နှုန်း ရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင် (၇၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့် ပန်းရံ နေ့စားအမျိုးသားတစ်ဦးလျှင် (အများဆုံး/အနည်းဆုံး) (၁၅၀၀၀-၁၀၀၀၀)နှုန်း နှင့် ယာဉ်၊ စက်ကိရိယာပြင်ဆင်ရန်နေ့စားအမျိုးသားတစ်ဦးလျှင် (အများဆုံး/အနည်းဆုံး) (၁၀၀၀၀-၈၀၀၀)နှုန်း ခန့် ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေး ရွာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

နောက်ဆက်တွဲ(၁)

ကျေးရွာဦးစားပေးစီမံချက်

ရေဖြူမြို့နယ်

ခွေးမဖောအနောက်ကျေးရွာ

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|---|
| ၁ | ၂"Ø ရေပိုက်သွယ်တန်းခြင်း | ၁ |
| ၂ | ခွေးမဖော-ဇာဒီကျေးရွာကွန်ကရစ်လမ်းခင်းခြင်း | ၂ |
| ၃ | အမကကျောင်း ရုံးသုံးဗီဒို | ၃ |

နောက်ဆက်တွဲ(၂)

**ရေဖြူမြို့နယ်၊ ဇာဒီကျေးရွာအုပ်စု၊ ခွေးမဖေားကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးအောင်ထွန်း | ဦးသိန်းထွန်း | ၆/ရဖန(နိုင်)၀၃၀၂၂၁ | ဥက္ကဋ္ဌ | ၀၄၅၈၂၃၇၆၁၃ |
| ၂ | ဦးစိန်လွင် | ဦးမြင့်လွင် | ၆/ရဖန(နိုင်)၀၃၁၃၄၂ | အတွင်းရေးမှူး | |
| ၃ | ဦးအောင်စိုး | ဦးစိုးအောင် | ၆/ရမန(နိုင်)၀၅၁၂၄၅ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးမြင့်ဝင်း | ဦးဝင်းကို | ၆/ရဖန(နိုင်) ၀၆၁၂၁၉ | စာရင်းကိုင် | |
| ၅ | ဒေါ်သန်းဝင်း | ဦးအောင်သန်း | ၆/ပလန(နိုင်)၀၃၂၁၂၉ | စာရင်းစစ်-၁ | |
| ၆ | ဒေါ်ဝင်းဝါ | ဦးဝင်းကျော် | ၆/ရဖန(နိုင်)၀၆၂၁၂၀ | စာရင်းစစ်-၂ | |
| ၇ | ဦးအောင်ကျော် | ဦးအောင်ထွန်းသိန်း | ၆/ရဖန(နိုင်)၀၃၁၁၅၄ | အဖွဲ့ဝင် | |

နောက်ဆက်တွဲ (၃)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၉ | ၁၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေး | ၈ | ၁၂ | ၂၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၄ | ၂၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၂ | ၁၆ | ၂၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်ကိုင်နိုင်သည့်အရွယ် | ၁၁၉ | ၁၈၁ | ၃၀၀ | | |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၈ | ၁၂ | | |
| **စုစုပေါင်း** | | **၁၆၀** | **၂၄၀** | **၄၀၀** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၈ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး**

**မှတ်ချက်။ ။ အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ်၊ ၁ နှစ်မှ ၄ နှစ်ဆိုသည်မှာအသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅ နှစ်မှ ၉ နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀)နှစ်ပြည့်သည်မှအသက် (၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅)နှစ်မပြည့်မီအရွယ်၊ အသက် ၆၅ နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ခွေးမဖေားကျေးရွာတွင် အိမ်ခြေ (၈၂)၊ အိမ်ထောင်စု(၈၈)တည်ရှိပြီး လူဦးရေမှာ (၄၀၀)ယောက်ရှိပြီး ကျား(၁၆၀)၊ မ(၂၄၀)ဦးရှိပါသည်။ ကျေးရွာလူဦးရေစာရင်း ကောက်ယူမှုအရ အလုပ်မလုပ်နိုင်သော လူဦးရေမှာ (၂၀%) ဖြစ်ပြီး အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း၏ (၈၀%) ရှိသောကြောင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေပါသည်။

## (ခ) အလုပ်လုပ်နိုင်သူအင်အာ

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင် စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၅၅ | ၄ | ၂၅ | ၃၀ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁၀ | ၄၀ | ၂ | ၁၈ | ၂၂ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၂ | **တရိစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၁၁၀ | - | ၅၀ | ၆၀ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | | မြင့်☐ လတ်☐ နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | - | - | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| **၅** | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| **၆** | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၁ | ၂ | ၁ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | ၇ | ၂၄ | ၂ | ၁၁ | ၁၃ | | မြင့်☐ လတ်☐ နိမ့်☑ |
| **၇** | **လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | ၂ | ၈ | ၁ | ၈ | ၁ | | မြင့်☐ လတ်☐ နိမ့်☑ |
| **၈** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၄ | | ၁၀ | ၄ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | ၁၉ | | | ၁၅ | ၄ | | မြင့်☐ လတ်☐ နိမ့်☑ |
| **၉** | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☑ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁၂ | ၁ | ၅ | ၇ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၂၀ | ၂ | ၁၁ | ၉ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | ၈ | | ၃ | ၄ | ၄ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၂ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | - | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုလုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၃ | ၉ | ၂ | ၃ | ၆ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | - | ၁ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | ၄၁ | ၁၇၂ | ၅ | ၇၇ | ၉၅ | | မြင့်☑ လတ်☐ နိမ့်☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၈ | ၁ | ၄ | ၄ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား/ဝန်ထမ်း | ၁၃ | ၆၁ | ၄ | ၃၀ | ၃၁ | | မြင့်☐ လတ်☐ နိမ့်☑ |

**ရင်းမြစ် ... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ခွေးမဖေားတွင် ကျေးရွာ၏ လူဦးရေကောက်ယူမှုစာရင်းအရ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင်၊ ကျပန်းအလုပ်လုပ်ကိုင်သူများရှိပြီး အများစုမှာ ဥယျာဉ်လုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။**

**မှတ်ချက်** **(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ ခွေးမဖေားကျေးရွာတွင် ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းကို သာအဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အမျိုးဆုံးတစ်နေ့လုပ်အားခမှာ **၁၅၀၀၀** ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ် အားခမှာ **၁၀၀၀၀** ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့ လုပ်အားခမှာ **၈၀၀၀** ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ **၆၀၀၀** ကျပ်ဖြစ်ပါသည်။ လက်သမား၊ ပန်းရံလုပ်ငန်းများမှာလည်း ကျွမ်းကျင်လုပ်သားအနေဖြင့်လုပ်အားခ **၁၈၀၀၀** ကျပ်ဖြစ်၍ နေ့စားလုပ်ကိုင်သူများရှိပြီး လုပ်အားခ နှုန်းထားများအား ကျား/မအလိုက် ခွဲခြား သတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/ တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| | | |
|---|---|---|
| ဥယျာဉ်ခြံမြေ | ၈၁၀ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၅၀** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ခွေးမဖေား ကျေးရွာ၏လယ်မြေများသည် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပြီး စပါးစိုက်ပျိုးခြင်းနှင့် ကိုင်းသီးနှံများစိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |

| | | | |
|---|---|---|---|
| **သဘာဝအပင်အမျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရိစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |
| **ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော-အပူပိုင်းသစ်တော** | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော-ဒီရေတောများ** | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လေ့လာတွေ့ရှိချက်။** ။ ခွေးမဖေားကျေးရွာတွင် ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ၊ ကျောက်ခဲ၊ ကျောက်စရစ်များမထွက်ရှိဘဲ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၃၂ | ၃၉ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုနည်းပါးပြီး အလယ်လတ်အိမ်ထောင်စုနှင့် မပြေလည်သော အိမ်ထောင်စုများပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့် အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စာစားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၁၀ | ၂ | အခြားအစာပြောင်းလဲစာ = -----------------<br>အစာလျှော့စား = -----------------<br>အထောက်အပံ့ယူ = -----------------<br>ချေးယူ = ၁၀<br>လုပ်အားခကြိုယူ = ၁၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၈ | ၂ | အခြားအစာပြောင်းလဲစာ = ----------------<br>အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၆ |
| ၆လနှင့်၁၂လကြား ဝမ်းစာဖူလုံမှု | ၂၀ | | အခြားအစာပြောင်းလဲစာ = ----------------<br>အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ၁၅<br>လုပ်အားခကြိုယူ = ၅ |

**ရင်းမြစ် … ဥစ္စာဓနအဆင့် "၃"နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း**

**လေ့လာတွေ့ရှိချက်။ ။** ခွေးမဖေားကျေးရွာတွင် ကျေးရွာ၏ လူဦးရေမှုစာရင်းအရ (၃)လအောက်ဝမ်းစာဖူလုံမှု ပြုရသောအိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ခြေစုစုပေါင်း၏ **(၅%)**ရှိပြီး အဆိုပါအိမ်ထောင်စုများမှာ ဝမ်းစာဖူလုံရေးအတွက်ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို ဖြေရှင်းနေ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုဖို/တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | ၂၃ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ခွေးမဖေားတွင် လူဦးရေစာရင်းကောက်ခံမှုအရ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

### (င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျှော | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်မှု | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | ✓ | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | ✓ | | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | ✓ | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။**

**မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။**

**(ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စုအောက် - နိမ့်**

**အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်**

**အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စုအထက် - မြင့်)**

**လေ့လာချက်။ ။** ခွေးမဖေားကျေးရွာသည် တစ်ခါတစ်ရံ မိုးရွာသွန်းများခြင်းကြောင့် မြစ်ရေမြင့်တက်ပြီး လယ်ကွင်းများ ရေလွှမ်းမိုးမှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ နာမကျန်းဖြစ်မှုများ အနည်းငယ်ရှိသော်လည်း ကျေးရွာကျေးလက်ဆေးပေးခန်းတွင် ကုသလျက်ရှိပါသည်။

(င-၄) **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | ✓ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရ သူများ(IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✓ | | | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၃ | ရွှေတွင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၄ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူမျာ | ✓ | | | ✓ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | ✓ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | ✓ | | | ✓ | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | ✓ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။ ။** ခွေးမဖေားကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ ကျပန်းလုပ်ကိုင်ရှာဖွေစားသောက်နေသူများဖြစ်ကြပါသည်။ ရွာသူ/ရွာသူများသည် မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်စားသောက်လုပ်ကိုင်ကြပါသည်။ ထိခိုက်မှုရှိပါကလည်း ဝိုင်းဝန်း ဖြေရှင်းပေးကြကြောင်းတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | | | အဖွဲ့ဝင်ဦးရေ | | |
|---|---|---|---|---|---|

| | အဖွဲ့အစ ည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်) | ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ၁၀ | ၆ | ၁၆ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၂ | ကျောင်း ကော်မတီ | ၁☐ ၂☑ ၃☐ | ၄ | ၃ | ၇ | ပညာရေး☑ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | လူငယ်အ ဖွဲ့ | ၁☐ ၂☑ ၃☐ | ၄ | ၆ | ၁၀ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☑ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | အမျိုးသမီး အဖွဲ့ | ၁☐ ၂☑ ၃☐ | - | ၇ | ၇ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☑ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | ဂေါပက | ၁☐ ၂☑ ၃☐ | ၅ | - | ၅ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | အားကစား | ၁☐ ၂☑ ၃☐ | | | | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည်။**

**(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။ ။** ခွေးမဖေားကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများဆောင်ရွက် ရာတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

**မှတ်ချက်။ ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**(၁) ဘာသာရေးနှင့်ပက်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ- ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ (Christian Aid Missions စသည်)**

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ- သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။</u>**

**လေ့လာတွေ့ရှိချက်။** ။ ခွေးမဖေားကျေးရွာအတွင်းတွင် ပြင်ပအဖွဲ့အစည်းများဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများမရှိကြောင်းတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ)**

**ဇယား(၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | - | - | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၅၂ | ၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၂၁ | ၄ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၀၀ | ၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧကအထက် | ၃ | - | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၈၈** | **၁၁** | - |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ လေ့လာတွေ့ရှိချက်။**

။ ခွေးမဖေားကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှ ကျေးရွာ၏ ၀% ခန့်ရှိပြီး လယ်ယာပိုင်ဆိုင်သည့်အိမ်ထောင်စုများထံတွင် နေ့စားလုပ်သားများအဖြစ်ဝင်ရောက်လုပ်ကိုင်ကြ၍ အလုပ်အကိုင်များ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခု ကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခု ကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ (မှန်ရာတစ်ခု ကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင် ရေတွင်း | ၁၀ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐ | ရှိ☐ မရှိ☑ မဖြေဆိုပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☑ |
| ၇ | စိမ့်စမ်းရေ | ၇၁ | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ခွေးမဖေားကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို မြစ်/ချောင်းများမှ အလုံအလောက်ရရှိပြီး ကျေးရွာအတွက် လိုအပ်သော သောက်ရေ/သုံးရေများကို မြစ်/ချောင်းနှင့် အဝီစိတွင်းများမှ အလုံအလောက်ရရှိကြောင်း တွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၄၀ | တင်း | ၅၀ | ၇၀ | ၆၀ | ဇွန် | ဇန်နဝါရီ | မြင့်☑လတ် ☐နိမ့်☐ | မြင့်☑လတ် ☐နိမ့်☐ | မြင့်☑လတ် ☐နိမ့်☐ |
| နွေစပါး | | | | | | နိုဝင်ဘာ | မတ် | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ | မြင့်☐လတ် ☐နိမ့်☐ |
| ရာဘာ | ၅၀၀ | ပေါင် | ၃၀၀ | ၄၀၀ | ၃၀၀ | စက်တင်ဘာ | မေ | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑နိမ့်☐ |
| ကွမ်းသီး | ၃၁၀ | ပိဿာ | ၂၀၀ | ၄၀၀ | ၃၀၀ | ဇန်နဝါရီ | ဒီဇင်ဘာ | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑နိမ့်☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မိုးစပါးတွင်အထွက်နှုန်းမှာ အသင့်တင့်ထွက်ရှိ၍ သွင်းအားစုများဖြစ်သော မြေဩဇာ၊ ဒီဇယ်ဆီ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ လိုအပ်ချက်မြင့်မားပြီး ဈေးကွက်နှင့် နီးသော် လည်းကားဖြင့်သယ်ယူရသောကြောင့် သယ်ယူစရိတ်များကာ အကျိုးအမြတ် ရရှိမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | | | - |
| လက်တွန်းထွန်စက် | ၃ | | | - |
| အခြောက်ခံချက်ကိရိယာ | - | | | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | | | - |
| ရိတ်သိမ်းစက် | - | | | - |

| | | | | |
|---|---|---|---|---|
| ခြွေလိမ်စက် | - | | | - |
| ရေစုပ်စက် | ၃ | | | - |
| ခြေနင်းရေတင်စက် | - | | | - |
| မြက်ရိတ်စက် | ၁၅ | | | - |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ခွေးမဖောကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်နေသည့် တောင်သူများသာ လယ်ယာသုံးပစ္စည်းများ ပိုင်ဆိုင်မှုရှိကြသော်လည်း ဧကအနည်းငယ်ရှိသောတောင်သူ များသည် လယ်ယာသုံးပစ္စည်းများအနည်းငယ်သာရှိပြီး ငှားရမ်းလုပ်ကိုင်နေကြပါသည်။ မိုးရာသီစပါးများ စိုက်ပျိုး လေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☑ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့်အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်) | ထိခိုက်သည်☑ မထိခိုက်ပါ☐ မဖြေဆိုပါ☑ |

**ရင်းမြစ်…(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ခွေးမဖော ကျေးရွာတွင်မိုးစပါးအတွက်လယ်ပိုင်ရှင်များအားစိုက်ပျိုးရေးဘဏ်မှ ချေးငွေ ထုတ်ပေးခြင်းဖြစ်ပါသည်။ ရာသီဥတုမှာ သင့်တင့်မျှတပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်ရာတွင် လိုအပ်သော မြေသြဇာနှင့် ဓါတုပိုးသတ်ဆေးများကို ထားဝယ်မြို့သို့ သွားရောက်ဝယ်ယူရပါသည်။ သီးနှံဈေးကွက်နှင့် ကုန်သွယ်မှုအတွက် ဈေးကွက်မှာ အလှမ်းဝေးသောကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

**သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

